## မောင်စုးစမ်းပြောနေတဲ့ "စပေ့စ်"

## ၂၁ - ၁၁ - ၂၀၀၉

၂၀၀၈ အခြေခံဥပဒေမှာ လစ်ဘရယ်ဒီမိုကရေစီအတွက်နေရာ 'စပေ့စ်' ရှိပါတယ်။ ဒါပေမဲ့ မဆလ တုန်းက ဖွင့်ပေးတဲ့ နေရာလောက်တော့ မကျယ်ပါဘူး။ ကျဉ်းပါတယ်။ အတော်ကြီးကို ကျဉ်းပါတယ်။ မဆလ တုန်းက တပါတီပဲ ရှိရတာဆိုတော့ မဆလ ပါတီထဲမှာ နေရာအကျယ်ကြီး ဖွင့်ပေးပါတယ်။ 'အညမည စာတမ်း' နဲ့ 'မဆလ ပါတီစည်းမျဉ်း' ကို ဖတ်ကြည့်ပါ။ စပေ့စ် ကျယ်ပါတယ်။ ဒါကြောင့် အသွေးအရောင်အမျိုးမျိုးရှိတဲ့ ဆိုရှယ်လစ်တွေနဲ့ ဗကပ ပျက်တွေ၊ မာ့က်စ်ဝါဒီအမည်ခံတွေ အတော်များများ 'စပေ့စ်' ထဲ ဝင်ကစားကြပါတယ်။

သူတို့တွေ အတွေးက 'စပေ့စ်' ကို တိုးချဲ့ကြမယ်ဆိုတဲ့ အတွေးပါ။ ဒါကြောင့်လည်း နေရာရအောင် အလုအယက် ဝင်ကြတယ်။ နေရာလည်း ရကြတယ်။ နေရာကလည်း ဖွင့်ပေးထားတာ များတယ်။ ဗဟိုကော်မတီထဲ၊ မြို့နယ်ပါတီယူနစ်တွေထဲ၊ ကောင်စီတွေထဲ၊ ပြည်သူ့ဆိုင်၊ ပြည်သူ့တရားသူကြီး၊ ပြည်သူပိုင်ကော်ပိုရေးရှင်းစတဲ့ မရေမတွက်နိုင်တဲ့ နေရာတွေ ရကြတယ်။ သံတမန်တွေ ဖြစ်ကြတယ်။ ဌာနကြီးမှူးတွေ ဖြစ်ကြတယ်။ မနည်းပါဘူး။ နေရာ 'စပေ့စ်' တွေ ရေတွက်မရနိုင်အောင် များပါတယ်။ ကျေးလက်ကနေ ဗဟိုအထိ နေရာတွေ ရှိပါတယ်။

"၂၀၀၈ အခြေခံဥပဒေ" က ပေးမယ့် 'စပေ့စ်' က နည်းပါတယ်။ အတော့်ကို နည်းတယ်။ နေရာကောင်းမှန်သမျှမှာ စစ်ဗိုလ်တွေ၊ စစ်ဗိုလ်ဟောင်းတွေနဲ့ လူပြည့်နေတယ်။ သံတမန်လောကမှာလည်း လူပြည့်နေတာပဲ။

အမတ်နေရာ ၇၅% ကို ဝင်တိုးမယ့်လူတွေတော့ နေရာရအောင် စောစောသွားကြတယ်။

သူတို့ရဲ့စိတ်ကူးက နေရာရအောင် စောစောကြွ၊ ပြီးတော့ နေရာကို တိုးချဲ့ဖို့၊ တခါချဲ့ရင် နည်းနည်းချင်းပဲချဲ့ဖို့ ဖြစ်တယ်။

မဆလ '၁၉၇၄ အခြေခံဥပဒေ' တုန်းက ဝင်တိုးကြည့်ကြတဲ့လူတွေရဲ့ စိတ်ကူးမျိုးပဲ။ သူတို့ကလည်း 'မဆလ ပါတီညီလာခံ' တွေကို အသုံးချပြီး နေရာကိုတိုးချဲ့ဖို့ စိတ်ကူးပါ။ ဒါပေမဲ့ တတိယညီလာခံလည်းရောက်ရော 'စပေ့စ်' ချဲ့ချင်တဲ့လူတွေ ခေါင်းနဲ့ကိုယ် အိုးစားမကွဲအောင် မနည်းအလွတ်ရုန်းထွက်ခဲ့ရတယ်။ တချို့လည်း ထောင်ထဲမှာပဲ 'စပေ့စ်' သွားချဲ့ကြရတယ်။

နေဝင်းရဲ့ ၁၉၇၇ ခုနှစ် 'ပါတီတွင်း အာဏာသိမ်းပွဲ' မှာ MI တင်ဦးရဲ့ စာမေးပွဲမှာ ဝင်ပြီးဖြေကြရတယ်။ အောင်မှတ်ရဖို့ မနည်းလုပ်ခဲ့ကြရရှာတယ်။

ဒီကိစ္စကို စာမေးပွဲဖြေခဲ့တဲ့ 'သခင်တင်မြ'ရေးဖို့ တောင်းဆိုကြည့်ပါတယ်။ ရေးမယ့်ပုံ မပေါ်ပါဘူး။ ရေးရင် 'စပေ့စ်' သမား မောင်စုးစမ်းနဲ့ တိုးမိရုံမကဘူး နအဖ မျက်မာန်တော်ရှမှာ ကြောက်လိမ့်မယ်။ ဒါကြောင့် တွန်းတွန်းတိုက်တိုက် မတောင်းဆိုချင်တော့ပါဘူး။

မောင်စုးစမ်းကိုပဲ စပေ့စ်ကို ချဲ့ထွင်ရေးနည်းလမ်းများရေးဖို့ တောင်းဆိုပါတယ်။